သော သစေ အာကိဏ္ဏဒေါသော၀ ဟောတိ, အာယတိံ သံ၀ရေ န တိဋ္ဌတိ, နိက္ကစ္စိတဗ္ဗော = သူသည် အကယ်၍ အပြစ်တွေ ဗလပွေရှုပ်နေသူ (အဒိန္နာဒါန, မုသာဝါဒမှု စသည်ဖြင့် အမှုပွေနေသူ) ဖြစ်အံ့, နောင်ခါ စောင့်စည် မှု၌ မတည်သူဖြစ်အံ့ တခါးတည်း နှင်ထုတ်လိုက်ရမည်။

အထ သဟသာ ဝိရဇ္ဈိတွာ ဒုက္ကဋံ မယာ ကတန္တိ ပုန သံ၀ရေ ဌာတုကာမော ဟောတိ၊ လိင်္ဂနာသနကိစ္စံ နတ္ထိ, ယထာ နိ၀တ္ထပါရုတသော၀ သရဏာနိ ဒါတဗ္ဗာနိ, ဥပဇ္ဈာယော ဒါတဗ္ဗော=သို့မဟုတ် ရုတ်တရက် ချွတ်ယွင်းမိပြီး နောက်၌ "ငါ့ကောင်းတာ လုပ်မိပြီ" ဟု တွေး၍ နောက် ထပ် စောင့်စည်းမှု၌ တည်လိုသူဖြစ်လျှင် သာမဏေ၏အသွင် ကို ဖျက်၍ လူထွက်စေဘွယ် မလိုတော့၊ နဂို၀တ်မြဲ ရန်းမြဲ အတိုင်းပင် သရဏဂုံပေး၍ ဥပဇ္ဈာယ်လည်း ပေးရမည်။

**မှတ်ချက်။** ။ပြစ်မှု မကျူးလွန်လျှင် သရဏဂုံထပ်ဘွယ်မလို၊ ပြစ်မှု ကျူးလွန်ပြန်လျှင်လည်း နောက်ထပ် စောင့်စည်းပုံမရလျှင် သရဏဂုံ ပေးဘွယ်ပင် မလို၊ နှင်ထုတ်ရုံ သာ ရှိ၏၊ ယခုကာလ၌ကား ပြစ်မှု မကျူးလွန်ဘဲနှင့်လည်း ဥပုသ်နေ့၌ သရဏဂုံထပ်စေရိုး ရှိကြ၏၊ အတော် မကောင်း နေသော သာမဏေအားလည်း သရဏဂုံ ထပ်ပေးလေ့ရှိကြ၏၊ ထိုတွင် ဥပုသ်နေ့၌ ပြစ်မှုမရှိဘဲ သရဏဂုံ ထပ်စေခြင်းမှာ အပြစ်မဟုတ်သော်လည်း အတော်မကောင်းသော သာမဏေ ကို နှင်၍ မထုတ်ခြင်းမှာ တာ၀န်မကြေဘဲ ရှိသည်၊ သို့သော် သူ့ကို နှင်ထုတ်လျှင် ဘေးအန္တရာယ် ဖြစ်ဘွယ်ရှိ၍ "သူ့အပြစ် နှင့်သူ ထင်ရှားလိမ့်မည်" ဟု သဘောထားလျှင်ကား သင့်